
Panasonic

# အသုံးပြုမှုလမ်းညွှန်ချက်များ

## ဆံပင်အခြောက်ခံစက်

မော်ဒယ်နံပါတ် ․ **EH-ND13/EH-ND12**




ဤဆံပင်အခြောက်ခံစက်ကို အသုံးမပြုမီ အောက်ပါလမ်းညွှန်ချက်များကို ပြည့်စုံစွာ ဖတ်၍ နောင်တွင် အသုံးပြုနိုင်ရန် သိမ်းဆည်းထားပါ။

ဤပန်နာဆိုးနစ်မှ ဆံပင်အခြောက်ခံစက်အားဝယ်ယူအားပေးသည့်အတွက် ကျေးဇူးတင်ပါသည်။စက်အားအသုံး မပြုမီ လမ်းညွှန်ချက်များကို သေချာစွာဖတ်ပါ။

# အစိတ်အပိုင်းခွဲခြမ်းစိတ်ဖြာခြင်း

မြန်မာ




(က) လေထွက်ပေါက်

(ခ) ဘဲနှုတ်သီး

(ဂ) လေဝင်ပေါက်

(ဃ) လက်ကိုင်

(င) ချိတ်

(စ) ကြိုး

(ဆ) ပင်ပခလုတ်

၃ : မြှင့်စက်(လေပူအပြင်းထွက်ခြင်း)

၂ : အစုံ (လေပြေထွက်ခြင်း)

၁ : လေအေး(လေအေးထွက်ခြင်း)

၀ : ပိတ်သည်။

(ဆ) အမြန်ခြောက်ပိုက်ခေါင်း EH-ND13 အတွက်

# အရေးကြီးသောအချက်များ

ဤဆံပင်အခြောက်ခံစက်ကို အသုံးမပြုခင် ဘေးကင်းလုံခြုံရေးညွှန်ကြားချက်များကို သေချာစွာဖက်ပါ။ ဤတွင်ဖော်ပြထားသော ဘေးကင်းလုံခြုံရေး ညွှန်ကြားချက်များသည် ဆံပင်အခြောက်ခံစက်ကို လုံခြုံစွာနှင့် မှန်ကန်စွာ အသုံးပြုနိုင်ရန် လမ်းညွှန်ပေးသည်။ သင်နှင့် အခြားသူများအား ထိခိုက်ဒဏ်ရာ ရမှုမှ လည်း ကာကွယ်ပေးပါသည်။

**သတိပေးချက်** : အောက်ပါညွှန်ကြားချက်များအတိုင်း မလိုက်နာပါက မီးလောင်ခြင်း၊ အပူကျွမ်းခြင်း၊ ပေါက်ကွဲခြင်း၊ လျှပ်စီးလောင်ကျွမ်းခြင်း (သို့) လျှပ်စစ် ရှော့ခ်များကို ဖြစ်စေနိုင်ပါသည်။

## ● လျှပ်စစ်အခြေအနေများ




**သတိပေးချက် : ကိရိယာပေါ်ရှိ အနီရောင်ထားမြစ်သင်္ကေတသည် "ရေနှင့်နီးသောနေရာတွင် အသုံးမပြုရန်" သတိပေးခြင်းဖြစ်သည်။ ရေချိုးကန်၊ ရေပန်း၊ ဘေစင်နှင့် အခြားရေပါသော ခွက်များတွင်မထားပါနှင့်။**

- အပူကျွမ်းနိုင်သောကြောင့် လေထွက်ပေါက်နှင့် လက်ကို ဝေးဝေးထားပါ။
- လေဝင်ပေါက်ပျက်စီးပါက ဆံပင်အခြောက်ခံစက်ကို အသုံးမပြုပါနှင့်။ အသုံးပြုပါက အပူကျွမ်းနိုင်ပါသည်။
- ဆံပင်အခြောက်ခံစက်ကို ဖော်ပြထားသော ရည်ရွယ်ချက်များအတွက်သာ အသုံးပြုပါ။ ကလေးငယ်များအတွက် မသုံးပါနှင့်။
- ဆံပင်အခြောက်ခံစက်ပျက်စီးပါက ဆက်လက်အသုံးမပြုပါနှင့်။
- ကိရိယာအား အသုံးပြုနေစဉ်အတွင်းနှင့် အသုံးပြုပြီးနောက်တွင် ပူလာနိုင်သောကြောင့် ဘဲနှုတ်သီးများကို ထိတွေ့ခြင်းမပြုပါနှင့်။
- လေဝက်ပေါက်များတွင် ဆံပင်များ ညှပ်နေခြင်း မရှိစေရ။
- ဆံပင်အခြောက်ခံစက်ကို သေချာစွာထားပါ။ မိမိဆံပင်သည် လေဝင်ပေါက်နှင့် အနည်းဆုံး ၁၀ စင်တီမီတာအကွာတွင် ရှိရမည်။ ယင်းကဲ့သို့ မပြုလုပ်ပါက ဆံပင်အခြောက်ခံစက်တွင် ဆံပင်းများ ဆွဲယူခံရပြီး ညှပ်ကျန်နိုင်ပါသည်။
- မိမိဆံပင်နှင့် လေထွက်ပေါက်ကြားတွင် ၃ စင်တီမီတာ ထက်ပိုသော အကွာအဝေးတွင် ထားရမည်။ မထားပါက မိမိဆံပင်များ အပူကျွမ်းနိုင်ပါသည်။
- ဆံပင်အခြောက်ခံစက်ကို သန့်ရှင်းရန် တင်နာ ၊ ဘန်ဇင်းနှင့် အခြားအရည်များ ကို အသုံးမပြုပါနှင့်။
- ဤကိရိယာသည် အပူလွန်ကဲခြင်းအား အလိုအလျောက်ကာကွယ်ပေးသော ကိရိယာ ကို တပ်ဆင်ထားပါသည်။ အကယ်၍ အပူလွန်ကဲလာသည့်အခါ ပိတ်သွားပါမည်။ ထိုအခါ ခလုတ်ကို ပိတ်၍ ပလပ်ခုံမှ ဖြုတ်ပါ။ နောက်တစ်ကြိမ် ထပ်မံ အသုံးမပြုမီ မိနစ်အနည်းငယ် အအေးခံပါ။ အသုံးမပြုခင်တွင် လေဝင်ပေါက်နှင့် လေထွက်ပေါက်တို့ကို ဖုန်မှုန့်၊ ဆံပင်တို့ ရှိမရှိ စစ်ဆေးပါ။

- ပါဝါပလပ်ပေါက်မှ မဖြုတ်ခင် အသုံးပြုပြီးသည်နှင့် ဆံပင်အခြောက်ခံစက်ကို "0" အနေအထားသို့ ပြောင်းပါ။စက်အားအသုံးမပြုသည့်အချိန်တွင် ပါဝါပလပ်ပေါက်မှ ပလပ်ဖြုတ်ပါ။ ပလပ်ဖြုတ်ချိန်တွင် ပလပ်ခေါင်းအား ကိုင်ပြီးမှ ဖြုတ်ပါ။ သို့မဟုတ်ပါက မီးလောင်ခြင်းနှင့် မတော်တဆ ထိခိုက်မှုများကို ဖြစ်စေနိုင်ပါသည်။

- ဆံပင်အခြောက်ခံစက်ကို ပလပ်ပေါက်တွင် မတပ်ဆင်မီ ကိရိယာ၏ ဗို့အားသည် သာမာန်ဗို့အားနှင့် ကိုက်ညီခြင်း ရှိမရှိ စစ်ဆေးပါ။

- မီးကြိုးအား ဖြတ်ခြင်း၊ ပျက်စီးခြင်း၊ ပြုပြင်ခြင်းများကို ရှောင်ပါ။ မလိုအပ်ဘဲ မီးကြိုးကို အားဖြင့် ဆွဲခြင်း၊ လိမ်ခြင်း၊ ကွေးခြင်းများ မပြုလုပ်ရ။ မီးကြိုးပေါ်တွင် လေးလံသော ပစ္စည်းများ တင်ခြင်း၊ အခြားပစ္စည်းများကြားညှပ်ခြင်း မပြုရ။ ဆံပင်အခြောက်ခံစက်အား ပတ်ပတ်လည် ကြိုးဖြင့် ပတ်ခြင်းသည် မီးလောင်ခြင်း၊ လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း တို့ကို ဖြစ်ပေါ်စေနိုင်ပါသည်။ အကယ်၍ မီးကြိုးသည် ပျက်စီးခြင်း၊ ပူလာခြင်းရှိပါက ဆက်အသုံးမပြုပါနှင့်။



- ကိရိယာအား ပိတ်လိုက်သည့် အချိန်တွင်ပင် ရေအနားတွင်ထားသည့်အတွက် အန္တရာယ်ရှိနိုင်သောကြောင့်ရေချိုးခန်းတွင် အသုံးပြုပြီးနောက် ခလုတ်ဖြုတ်ပါ။

- ထပ်ဆောင်းကာကွယ်မှုအတွက် ရေချိုးခန်းတွင် အသုံးပြုသောလျှပ်စစ်ပတ်လမ်းသည် ၃၀ မီလီ အမ်ပီယာ ထက်မပိုသောသက်မှတ်ထားသည့် ကြွင်းကျန်သော လည်ပတ်လမ်းကြောင်းရှိသည့် အာစီဒီ တပ်ဆင်ခြင်းမျိုး ရှိသင့်ပါသည်။သင့်အား တပ်ဆင်ပေးသူကို အကြံဉာဏ်တောင်းပါ။

# ● ဆံပင်အခြောက်ခံစက်အသုံးပြုပုံ

- ဆံပင်အခြောက်ခံစက်သည် လေအဆက်မပြတ် မထွက်ခြင်း၊ မီးကြိုးနှင့် ပလပ်ခေါင်းများ ပျက်စီးခြင်း၊ ပူလာခြင်း (သို့) ပလပ်ခေါင်းလျော့ရဲရဲ ဖြစ်ခြင်းများ ရှိပါက အသုံးပြုမှုကို ရပ်တန့် လိုက်ပါ။

- လေဝင်ပေါက်နှင့် လေထွက်ပေါက်တွင် ပြင်ပအရာဝတ္ထုများကို ထည့်သွင်းခြင်းမပြုပါနှင့်။ ပြုလုပ်ပါက လေဝင်လေထွက်ပိတ်ဆို့ခြင်းများ ရှိနိုင်ပါသည်။
- ဆံပင်အခြောက်ခံစက်အား ဗန်းဇင်း၊ အိမ်သုတ်ဆေး၊ မှုတ်ဆေးဗူးကဲ့သို့ ပေါက်ကွဲလွယ်သော အရာဝတ္ထုများ၏ အနီးတွင် အသုံးမပြုပါနှင့်။
- လက်များခြောက်သောအခါမှသာ ကိရိယာကို အသုံးပြုပါ။
- ဆံပင်အခြောက်ခံစက်ကို ခြောက်သွေ့သောနေရာ၌သာ ထား၍ အသုံးပြုပါ။ ရေမဝင်ပါစေနှင့်။


- ဤကိရိယာသည် ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာ အားနည်းသူများ၊ဘေးကင်းလုံခြုံမှုအတွက်တာဝန်ရှိသူတစ်ယောက်မှကိရိယာ၏အသုံးပြုပုံအား လမ်းညွှန်ချက်မရှိဘဲအတွေ့အကြုံဗဟုသုတအားနည်းသူများအသုံးမပြုသင့်ပါ။ကလေးငယ်များကိုလည်း ဤကိရိယာနှင့်ဆော့ကစားခြင်းမပြုရန် ဂရုစိုက်သင့်ပါသည်။

# ဆံပင်အခြောက်ခံစက်အသုံးပြုပုံ

## ၁ ပင်မခလုတ်ဖြင့် လေထွက်အားကို ချိန်ပါ။

## ● မှတ်ချက်


- ဆံပင်အခြောက်ခံစက်အား အသုံးမပြုမီ ပထမဦးစွာ ပင်မခလုတ်ကို "0" အနေအထားပြောင်း၍ ပါဝါပလပ်ခုံတွင် ပလပ်ထိုးကာ ပင်မခလုတ်ကို ဖွင့်ပါ။
- ဆံပင်ကို မြန်မြန်ခြောက်လိုပါက အမြန်ခြောက် ပိုက်ခေါင်းကို ပုံတွင်ပြထားသည့်လားရာအတိုင်း တပ်ဆင်ပါ။ EH-ND13



# ဆံပင်အခြောက်ခံစက် ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်း

- ဆံပင်အခြောက်ခံစက်အား ပညာရှင်များနှင့်သာ ပြုပြင်ခြင်း၊ ဖြုတ်ခြင်းများ ပြုလုပ်ပါ။
- အကယ်၍ကြိုးပျက်စီးသွားပါကဘေးအန္တရာယ်ကာကွယ်ရန် ထုတ်လုပ်သူ၊ပစ္စည်း၏ဝန်ဆောင်မှုအေးဂျင့်(သို့)ပညာရှင်များမှအစားထိုးလဲလှယ်ပေးရမည်။
- မီးကြိုးများ၊ ပလပ်ခေါင်းများ ပျက်စီးပါက အသုံးပြုခြင်းကို ရပ်၍ ပန်နာဆိုးနစ်၏ သက်မှတ်ဝန်ဆောင်မှု စင်တာ နှင့် ဆက်သွယ်ပါ။
- ဆံပင်အခြောက်ခံစက်မှ လေပူများထွက်နေစဉ် တစ်ခါတရံ လေအေးများထွက်ခြင်း၊ မီးပွားများထွက်ခြင်း တို့ ရှိနိုင်ပါသည်။ထိုကဲ့သို့သော ကိစ္စများတွင် လေဝင်ပေါက်နှင့် လေထွက်ပေါက်တို့တွင် ဖုန်မှုန့်များ စုပုံနေတတ်သည်။ထို့အပြင် လေဝင်ပေါက်တွင် ဆံပင်များပိတ်ခြင်း၊ လက်ချောင်းများကာနေခြင်းတို့လည်းဖြစ်နိုင်သည်။
  (ဤဖြစ်ရပ်သည် ဆံပင်အခြောက်ခံစက်၏ အပူပေးခလုတ်ကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ကာကွယ်ရေးကိရိယာဖြစ်သည့် အတွက် မီးပွားများသည် အန္တရာယ် မရှိနိုင်ပါ။) ပင်မခလုတ်ကို "0" အနေအထားသို့ရွှေ့၍ ကျန်ရှိနေသော ဖုန်များကို ရှင်းပါ။

- **လေထွက်ပေါက်နှင့် လေဝင်ပေါက်ပြုပြင်ထိန်းသိမ်းခြင်း ( တစ်လတစ်ကြိမ် ( သို့ ) တစ်ကြိမ်ထက်ပို၍ )**
- လေထွက်ပေါက်ကို သန့်ရှင်းရာတွင် ပင်ပခလုတ်ကို "0" အနေအထားသို့ ထား၍ လေအေးထွက်နေစဉ် သွားတိုက်တံဖြင့် ပွတ်ပါ။



- လေဝင်ပေါက်ကို သန့်ရှင်းရာတွင် ပင်မခလုတ်ကို "0" အနေအထားသို့ ထား၍ လေမထွက်တော့ပါက သွားတိုက်တံ ( သို့ ) ဖုန်စုပ်စက်ကို သုံး၍ ဖုန်မှုန့်များနှင့်ဆံပင်များ ကို သန့်ရှင်းပါ။
- ဖုန်မှုန့်များ မလွင့်ပါစေနှင့်။

## အသေးစိတ်အချက်အလက်များ

မော်ဒယ်နံပါတ် : EH-ND13/EH-ND11

<table>
<tr><td colspan="2">ဗို့အား</td><td>၂၂၀ဗို့ ၅၀–၆၀ဟတ်ဇ်</td><td>၂၃၀ဗို့ ၅၀–၆၀ဟတ်ဇ်</td><td>၂၄၀ဗို့ ၅၀–၆၀ဟတ်ဇ်</td></tr>
<tr><td colspan="2">စွမ်းအားအသုံးပြုမှု</td><td>၉၃၀ဝပ်</td><td>၁၀၀၀ဝပ်</td><td>၁၁၀၀ဝပ်</td></tr>
<tr><td rowspan="2">အသုံးအဆောင်</td><td>EH-ND13</td><td colspan="3">ပိုက်ခေါင်း၊ အမြန်ခြောက်ပိုက်ခေါင်း</td></tr>
<tr><td>EH-ND12</td><td colspan="3">ပိုက်ခေါင်း</td></tr>
</table>

ဤထုတ်ကုန်သည် အိမ်သုံးရန် အတွက်သာဖြစ်သည်။

Panasonic Manufacturing (Thailand) Co., Ltd.
Navanakorn Industrial Estate, Zone 3, No.
106 Moo 18, Klong 1, Klong Luang, Patum Thani 12120, Thailand